# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# ညွှန်ကြားချက်အမှတ် ၃/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပါ မတည်ရင်းနှီးငွေ ထိန်းသိမ်းထားရှိခြင်းနှင့်ပတ်သက်သည့် ပုဒ်မ ၃၄ နှင့် ယင်းဥပဒေပုဒ်မ ၁၈၄ တွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

**အမည်နှင့်သက်ဆိုင်ခြင်း**

၁။ ဤညွှန်ကြားချက်ကို ပြန်လည်ရရှိရန် ဦးစားပေးအဆင့်တွင်မရှိသည့် ကြွေးမြီများဆိုင်ရာ ညွှန်ကြားချက်ဟု ခေါ်တွင်စေရမည်။

၂။ ဤညွှန်ကြားချက်သည် ဘဏ်များအားလုံးနှင့် သက်ဆိုင်စေရမည်။

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

၃။ ဤညွှန်ကြားချက်အလို့ငှာ-

(က) စုစုပေါင်းမတည်ငွေရင်း နှင့် မတည်ငွေရင်းလုံလောက်မှုအချိုးဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့် ယင်းဥပဒေအရ ဘဏ်များအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၇-၇-၂၀၁၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် မတည်ငွေရင်းလုံလောက်မှုဆိုင်ရာစည်းမျဉ်း (အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၁၇) တို့အရ သတ်မှတ်ထားသည့် အတိုင်းဖြစ်သည်။

(ခ) ဖြည့်စွက်မတည်ငွေရင်း သို့မဟုတ် အလွှာ(၂) မတည်ငွေရင်းဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (ဆ)(၂)တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်းဖြစ်သည်။

(ဂ) ဆက်နွှယ်သူများဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၂(ဈဈ) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်းဖြစ်သည်။

**ဖြည့်စွက်မတည်ငွေရင်း သို့မဟုတ် အလွှာ (၂) မတည်ငွေရင်း**

၄။ (က) မတည်ငွေရင်းလုံလောက်မှုဆိုင်ရာစည်းမျဉ်းတွင် ဖြည့်စွက်မတည်ငွေရင်း သို့မဟုတ် အလွှာ(၂) မတည်ငွေရင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ထည့်သွင်းခွင့်ပြုထားသည်။

(ခ) ဘဏ်သည် ဖြည့်စွက်မတည်ငွေရင်း သို့မဟုတ် အလွှာ(၂) မတည်ငွေရင်းတွင် ပါဝင်သော ပြန်လည်ရရှိရန် ဦးစားပေးအဆင့်တွင်မရှိသည့် ကြွေးမြီများကို ဤညွှန်ကြားချက်ပါ အရည်အချင်း ပြည့်မီမှုစံသတ်မှတ်ချက်များနှင့်ကိုက်ညီပါက စုစုပေါင်းမတည်ငွေရင်းတွက်ချက်ရာတွင် အလွှာ(၁) မတည်ငွေရင်း၏ အများဆုံး ၅၀% အထိ ထည့်သွင်းနိုင်သည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်**

၅။ ဘဏ်သည် ပြန်လည်ရရှိရန် ဦးစားပေးအဆင့်တွင်မရှိသည့် ကြွေးမြီများကို ဖြည့်စွက်မတည်ငွေရင်း သို့မဟုတ် အလွှာ(၂)မတည်ငွေရင်းတွင် ထည့်သွင်းလိုပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၆။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပြန်လည်ရရှိရန် ဦးစားပေးအဆင့်တွင်မရှိသည့် ကြွေးမြီများအပေါ် ဤညွှန်ကြားချက်ပါ သတ်မှတ်ချက်များနှင့်မကိုက်ညီခြင်း သို့မဟုတ် မကိုက်ညီနိုင်ကြောင်း တွေ့ရှိပါက ဘဏ်၏ဖြည့်စွက်မတည်ငွေရင်း သို့မဟုတ် အလွှာ(၂) မတည်ငွေရင်းမှ ပြန်လည်ရရှိရန် ဦးစားပေးအဆင့်တွင်မရှိသည့် ကြွေးမြီအားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ခြင်းချန်ရန် ဘဏ်သို့ ညွှန်ကြားနိုင်သည်။

(ခ) ဘဏ်သည် ပြန်လည်ရရှိရန် ဦးစားပေးအဆင့်တွင်မရှိသည့် ကြွေးမြီများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ရရှိပြီး တစ်နှစ်အတွင်း ထုတ်ဝေရမည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြရမည့် သတင်းအချက်အလက်များ**

၇။ ဘဏ်သည် ဖြည့်စွက်မတည်ငွေရင်း သို့မဟုတ် အလွှာ(၂) မတည်ငွေရင်းတွက်ချက်ရာတွင် ပြန်လည်ရရှိရန် ဦးစားပေးအဆင့်တွင်မရှိသည့် ကြွေးမြီများထည့်သွင်းတွက်ချက်ခြင်းနှင့် ထုတ်ဝေခြင်းပြုရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ရယူရာတွင် အောက်ပါသတင်းအချက်အလက်များကို တင်ပြရမည်-

(က) ကြွေးမြီကိုထုတ်ဝေသည့် စည်းမျဉ်းစည်းကမ်းများ ဖော်ပြချက်၊

(ခ) ကြွေးမြီအတွက် ရန်ပုံငွေများကို လက်ခံရရှိသည့် သို့မဟုတ် လက်ခံရရှိမည့်နေ့ရက်နှင့် ပမာဏ၊

(ဂ) အပြီးသတ်ကြွေးမြီအကျဉ်းချုပ် နှင့် သဘောတူညီချက်မိတ္တူတစ်စုံ၊

(ဃ) အခြားဘဏ်တစ်ခုသို့ ကြွေးမြီကို ထုတ်ဝေခဲ့ခြင်း ဟုတ် မဟုတ် ဖော်ပြချက်၊

(င) အဆိုပါထုတ်ဝေမှုသည် သက်ဆိုင်သောဥပဒေများ၊ စည်းမျဉ်းများနှင့် ညွှန်ကြားချက်နှင့်ကိုက်ညီကြောင်း ဖော်ပြချက်၊

(စ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ လိုအပ်သော အခြားသတင်းအချက်အလက်များ။

**အရည်အချင်းပြည့်မီသော ပြန်လည်ရရှိရန် ဦးစားပေးအဆင့်တွင်မရှိသည့် ကြွေးမြီများ**

၈။ ပြန်လည်ရရှိရန် ဦးစားပေးအဆင့်တွင်မရှိသည့် ကြွေးမြီများသည် အောက်ဖော်ပြပါ စံသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်-

(က) ကြွေးမြီအား ထုတ်ဝေပြီး နှင့် အပြည့်အဝပေးသွင်းပြီးဖြစ်ရမည်။

(ခ) ကြွေးမြီအား အများပြည်သူသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထုတ်ဝေခြင်း မပြုရ။

(ဂ) ကြွေးမြီပြန်လည်တောင်းခံခွင့်သည် ဘဏ်တွင် ငွေအပ်နှံသူများနှင့် အထွေထွေကြွေးမြီတင်ရှိသူများ၏ နောက်တွင်သာရှိရမည်။

(ဃ) ကြွေးမြီသည် ဘဏ် သို့မဟုတ် ဘဏ်နှင့်ဆက်နွယ်သူ၏ အာမခံမှုအရ ဆုံးရှုံးမှုအတွက် လုံခြုံမှု သို့မဟုတ် ကာမိမှုမရှိရ သို့မဟုတ် အခြားအစီအစဉ် တစ်ရပ်ရပ်အရ ပြန်လည်တောင်းခံမှုတွင် ဘဏ်၏ ငွေအပ်နှံသူများနှင့် အထွေထွေကြွေးမြီတင်ရှိသူများထက် ဦးစားပေးအဆင့် သတ်မှတ်မှုမရှိရ။

(င) ကြွေးမြီသည် မူလဈေးငွေသက်တမ်းစေ့ရောက်မှု အနည်းဆုံး (၅) နှစ် ရှိရမည်ဖြစ်ပြီး ဘဏ်မှ စောစီးစွာ ပြန်လည်ရွေးနုတ်ရန် သို့မဟုတ် ပေးဆပ်ရန် တွန်းအားပေးမှုကို ဖြစ်စေနိုင်သော သတ်မှတ်ကာလတစ်ခုပြီးနောက် အတိုးနှုန်းတိုးမြှင့်ခြင်းကဲ့သို့သော အသွင်သဏ္ဌာန်မရှိရ။

(စ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အတည်ပြုချက်မရှိဘဲ ကြွေးမြီအား မူလသက်တမ်းစေ့ရောက်သည့်နေ့ထက်စော၍ (မူလထုတ်ဝေသည့်နေ့မှ အနည်းဆုံး (၅) နှစ်) ပြန်လည်ရွေးနုတ်ခြင်း သို့မဟုတ် ပေးဆပ်ခြင်းမပြုရ။

(ဆ) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းမှအပ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ချေးငှားသူ၏ စတင်အဆိုပြုမှုအရ ကြွေးမြီ၏ မူလချေးငွေသက်တမ်းအား ထုတ်ဝေသည့်နေ့မှ အနည်းဆုံး (၅) နှစ်ထက်စော၍ ပြန်လည်ရွေးနုတ်ခြင်း သို့မဟုတ် ပေးဆပ်ခြင်းမပြုရ။

(ဇ) ဘဏ် သို့မဟုတ် ဆက်နွယ်သူများမှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ကြွေးမြီကိုပိုင်ဆိုင်ခြင်း သို့မဟုတ် ငွေကြေးထောက်ပံ့ခြင်းမပြုရ။

(ဈ) ကြွေးမြီသည် သက်ဆိုင်ရာဥပဒေနှင့် စည်းမျဉ်းများ၏ သတ်မှတ်ချက်နှင့်ကိုက်ညီရမည်။

**အခြားဘဏ်များမှထုတ်ဝေသည့် ပြန်လည်ရရှိရန် ဦးစားပေးအဆင့်တွင်မရှိသည့် ကြွေးမြီများကို ဘဏ်မှ ပိုင်ဆိုင်ခြင်း**

၉။ (က) အခြားဘဏ်များမှထုတ်ဝေသော ပြန်လည်ရရှိရန် ဦးစားပေးအဆင့်တွင်မရှိသည့် ကြွေးမြီတွင် ရင်းနှီးမြှုပ်နှံသည့်ဘဏ် သို့မဟုတ် အခြားဘဏ်များသို့ ပြန်လည်ရရှိရန် ဦးစားပေးအဆင့်တွင်မရှိသည့်ကြွေးမြီကို ထုတ်ချေးသည့်ဘဏ်သည် အဆိုပါရင်းနှီးမြှုပ်နှံမှု သို့မဟုတ် ထုတ်ချေးသည့်ကြွေးမြီကို မတည်ငွေရင်းလုံလောက်မှုဆိုင်ရာစည်းမျဉ်းအရ မတည်ငွေရင်းတွက်ချက်ရာတွင် နုတ်ပယ်ရမည်။

(ခ) ဘဏ်သည် မတည်ငွေရင်းလုံလောက်မှုဆိုင်ရာစည်းမျဉ်း၏ မတည်ငွေရင်းလုံလောက်မှု အချိုးတွက်ချက်မှုပုံစံ အမှတ်စဉ် ၄ အရ ရင်းနှီးမြှုပ်နှံမှုနှင့်ထုတ်ချေးသည့်ကြွေးမြီကို "နုတ်ပယ်ရမည့်အကျိုးတူရင်းနှီးမြှုပ်နှံမှုများ" အဖြစ် ထည့်သွင်းတွက်ချက်ရမည်။

**ပြန်လည်ရရှိရန် ဦးစားပေးအဆင့်တွင်မရှိသည့် ကြွေးမြီပေးဆပ်မှုအစီအစဉ်ဇယား**

၁၀။ ဖြည့်စွက်မတည်ငွေရင်း သို့မဟုတ် အလွှာ(၂) မတည်ငွေရင်းတွက်ချက်ရာတွင် ပြန်လည်ရရှိရန် ဦးစားပေးအဆင့်တွင်မရှိသည့် ကြွေးမြီပမာဏသည် ငွေချေးငွေသက်တမ်းစေ့ရောက်မှု မတိုင်မီ နောက်ဆုံး (၅) နှစ်တွင် တသတ်မတ်တည်း အရင်းအတိုး ပေးဆပ်မှုပုံစံဖြစ်ရမည် သို့မဟုတ် ပြန်လည်ရွေးနုတ်မှု အစီအစဉ်ဇယားအရ ဖြစ်ရမည်ဖြစ်ပြီး တသတ်မတ်တည်း အရင်းအတိုး ပေးဆပ်မှုအစီအစဉ်ဇယားကို အောက်ပါအတိုင်းဆောင်ရွက်ရမည်-

| သက်တမ်းစေ့ရောက်သည်အထိ နှစ်ကာလ | ဖြည့်စွက်မတည်ငွေရင်းတွင် ပါဝင်ရန် အရည်အချင်းပြည့်မီသည့်ပမာဏ |
|---|---|
| ၅ နှစ် သို့မဟုတ် ၅ နှစ်အထက် | ၁၀၀% |
| ၄ နှစ် သို့မဟုတ် ၄ နှစ်အထက်နှင့် ၅ နှစ်အောက် | ၈၀% |
| ၃ နှစ် သို့မဟုတ် ၃ နှစ်အထက်နှင့် ၄ နှစ်အောက် | ၆၀% |
| ၂ နှစ် သို့မဟုတ် ၂ နှစ်အထက်နှင့် ၃ နှစ်အောက် | ၄၀% |
| ၁ နှစ် သို့မဟုတ် ၁ နှစ်အထက်နှင့် ၂ နှစ်အောက် | ၂၀% |
| ၁ နှစ်အောက် | ၀% |

**စောစီးစွာပြန်လည်ပေးဆပ်ခြင်း သို့မဟုတ် ပြန်လည်ရွေးနုတ်ခြင်း**

၁၁။ (က) ဤညွှန်ကြားချက်အပိုဒ် ၈(စ) အရ ပြန်လည်ရရှိရန် ဦးစားပေးအဆင့်တွင်မရှိသည့် ကြွေးမြီကို စောစီးစွာပြန်လည်ရွေးနုတ်ခြင်း သို့မဟုတ် ပြန်လည်ပေးဆပ်ခြင်းအတွက်

ဘဏ်မှကြိုတင်ခွင့်ပြုချက် တောင်းခံသည့်အခါ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အောက်ပါအချက်များအရ အတည်ပြုချက်ပေးနိုင်သည်-

(၁) လက်ရှိကြွေးမြီကို ပြန်လည်ပေးဆပ်မှုပြုသည့်တစ်ချိန်တည်း သို့မဟုတ် မတိုင်မီတွင် ဘဏ်သည် ကြွေးမြီအသစ်ဖြင့် အစားထိုးရမည်ဖြစ်ပြီး အဆိုပါကြွေးမြီအသစ်၏ စည်းကမ်းများသည် ဘဏ်၏ ဝင်ငွေရှာဖွေနိုင်မှုအတိုင်းအတာအရ ကြွေးမြီအသစ်ပေးဆပ်ရေးနှင့် အမြတ်ဝေစုပေးရေးအတွက် ဘဏ်မှ ဆောင်ရွက်နိုင်စွမ်းရှိသည့် မူလကြွေးမြီ၏ စည်းကမ်းနှင့်တူညီသော သို့မဟုတ် ပိုမိုကောင်းမွန်သော စည်းကမ်းများဖြစ်ရမည်။

(၂) ဘဏ်သည် မတည်ငွေရင်းလုံလောက်မှုဆိုင်ရာစည်းမျဉ်းနှင့်အညီ ၎င်း၏ မတည်ငွေရင်းလုံလောက်မှုအချိုးတွက်ချက်မှုသည် ချေးငွေပြန်လည်ပေးဆပ်ပြီးနောက် ပိုမိုကောင်းမွန်ကြောင်း ပြသရမည်။

(ခ) ဘဏ်သည် ပြန်လည်ရရှိရန် ဦးစားပေးအဆင့်တွင်မရှိသည့် ကြွေးမြီကြိုတင်ပေးဆပ်ခြင်းပြီးမြောက်ကြောင်းကို ဆောင်ရွက်ချက်ပြီးမြောက်သည့်နေ့မှ (၁၀) ရက်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြရမည်။

**ဒါရိုက်တာအဖွဲ့၏ တာဝန်များ**

၁၂။ ဒါရိုက်တာအဖွဲ့သည် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၇၄ အရ ဘဏ်က ဤညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်မှုရှိကြောင်း သေချာစေရမည်။

**ညွှန်ကြားချက်ကို လိုက်နာရန်ပျက်ကွက်ခြင်း**

၁၃။ ဤညွှန်ကြားချက်အား လိုက်နာရန်ပျက်ကွက်ခြင်းသည် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေကို ဖောက်ဖျက်ခြင်းဖြစ်၍ ယင်းဥပဒေပုဒ်မ ၁၅၄ အရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်းခံရမည်ဖြစ်ပြီး ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ အခြားသောပြစ်ဒဏ်များကိုလည်း ကျခံရမည်။

**အကျိုးသက်ရောက်ခြင်း**

၁၄။ ဤညွှန်ကြားချက်သည် ထုတ်ပြန်သည့်နေ့မှစ၍ ချက်ချင်း အကျိုးသက်ရောက်စေရမည်။

(ပုံ)xxxxxxxxx<br>
(စိုးသိန်း)<br>
ဒုတိယဥက္ကဋ္ဌ<br>
မြန်မာနိုင်ငံတော်ဗဟိုဘဏ်